STARCITY

Date: April 19, 2020 Notice: #0006

# COVID-19 – COMMUNITY NOTICE
## (PROJECT WORKS COMMENCES)

Dear Residents,

As the Yangon Regional Government has officiated commencement of businesses starting from 20th of April, we would like to inform you that the Project/Construction works in the estate site will commence with enhanced due diligence.

All workers entering star city will directly travel to the construction sites (in a vehicle) through the construction access route marked in the picture below. Workers are NOT permitted to have any free movement within Star City and all workers will remain inside the boundary of their projects at all time.

Please be assured that the management team will continue the efforts of all covid-19 preventive measures as stated in our level 2 notice while adhering to government regulation at all time.

We encourage your cooperation and seek your understanding during this period. We would also like to remind all of us to be vigilant in protecting ourselves and the people around you, by following basic protective measures recommended by the Ministry of Health & Sports.

Do not hesitate to write to us any specific concerns and clarification you may have to customercare@yomaland.com. We will also be communicating with you regularly with information and updates through our official communication channels.

**နေ့စွဲ - ၂၀၂၀ခုနှစ်၊ ဧပြီလ ၁၉ရက်** **ကြေငြာချက်အမှတ် #၀၀၀၅**

## COVID-19 ရောဂါနှင့် စပ်လျဉ်း၍ ပြည်သူလူထုအား အသိပေးထုန်ပြန်ကြေငြာချက်
## (စီမံကိန်းပရောဂျက်များအားလုံး ပြန်လည်စတင်ခြင်း)

လေးစားအပ်ပါသော အိမ်ရာဝင်းအတွင်း နေထိုင်သူများခင်ဗျာ/ ရှင်…

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့သည် ဧပြီလ ၂၀ရက်နေ့မှစတင်၍ ရုံးများအပါအဝင် စီးပွားရေးလုပ်ငန်းများ အား ပုံမှန်ပြန်လည်ဖွင့်လှစ်ခွင့်ပြုပြီးဖြစ်သဖြင့် ကျွန်ုပ်တို့၏ ပရောဂျက်/ ဆောက်လုပ်ရေးလုပ်ငန်းခွင်များအား ပြန်လည် စတင်တော့မည်ဖြစ်ကြောင်းနှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ Coronavirus Disease 2019 (COVID-19) ထုတ်ပြန်ချက်များနှင့်အညီ ဆောက်လုပ်ရေးလုပ်ငန်းခွင်များတွင် အဆိုပါကာကွယ်ရေး လုပ်ငန်းစဉ်များနှင့် စည်းကမ်းချက်များ၏ ညွှန်ကြားချက်များအတိုင်း တိကျစွာ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း လူကြီးမင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

အလုပ်သမားများသည် ကြယ်စင်မြို့တော်အိမ်ရာဝင်းအတွင်းရှိ အောက်ဖော်ပြပါမြေပုံတွင်ပါရှိသော ဆောက်လုပ် ရေးသုံးလမ်းခွဲ (Construction Access Road) မှတစ်ဆင့်  မော်တော်ယာဉ်များဖြင့် ဆောက်လုပ်ရေးလုပ်ငန်းခွင်သို့ တိုက်ရိုက်ဝင်ရောက်မည်ဖြစ်သည်။  အလုပ်သမားများသည် လုပ်ငန်းခွင်ရှိရာ နယ်နမိတ်အတွင်းသာ အလုပ်လုပ်ကိုင် ရမည်ဖြစ်ပြီး အိမ်ရာဝင်းအတွင်းသို့ လွတ်လပ်စွာသွားလာခွင့်ပြုမည် မဟုတ်ပါ။

အိမ်ရာစီမံအုပ်ချုပ်သူများမှ COVID-19 ရောဂါ ကြိုတင်ကာကွယ်ရေးလုပ်ငန်းစဉ်များကို အဆင့်၂သို့ တိုးမြှင့် သတ်မှတ်ခဲ့သည့်အတိုင်း ဆက်လက်၍ အစိုးရအဖွဲ့၏ စည်းမျဉ်းစည်းကမ်းများနှင့်အညီ အချိန်ပြည့် လိုက်နာစောင့် ထိန်း၍ သေသေချာချာ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။  COVID-19ရောဂါတိုက်ဖျက်ရေးအတွက် လတ်တလော ဖြစ်ပေါ်နေသော အခြေအနေများကို လူကြီးမင်းတို့ အနေဖြင့် ပူးပေါင်းဆောင်ရွက်ပေးရန်၊ နားလည်ပေးပါရန်နှင့် ကျွန်ုပ်တို့၏အိမ်ရာဝင်းအတွင်းသို့ ရောဂါကူးစက် ပျံ့နှံ့မှုအနည်းဆုံး ဖြစ်စေရန် အတူတကွပူးပေါင်း ပါဝင်ပေးပါရန်

လည်း မေတ္တာရပ်ခံ အပ်ပါသည်။  ကျန်းမာရေးနှင့် အားကစားဝန်ကြီး ဌာန၏ ရောဂါကာကွယ်ရေးလမ်းညွှန်များကို လိုက်နာခြင်းဖြင့် မိမိကိုယ်ကိုယ် နှင့် မိမိပတ်ဝန်းကျင်ရှိ လူအများ၏ ကျန်းမာရေးအပေါ်ဂရုစိုက်ပြီး ရောဂါပျံ့ပွားကူးစက်ခြင်းကို မိမိမှစပြီး ကာကွယ်ကြပါရန် အလေးအနက်ထား သတိပေး လိုက်ရပါသည်။

အထက်ဖော်ပြပါအချက်များထဲမှာ မရှင်းလင်းသည်များကို မေးမြန်းလိုပါက customercare@yomaland.com သို့ အီးမေးလ်ပို့၍ စုံစမ်းမေးမြန်းနိုင်ပါသည်။ ကျွန်ုပ်တို့ဘက်မှလည်း နောက်ဆုံးရ သတင်းအချက်အလက်များကို ကျွန်ုပ်တို့၏ တရားဝင်ဆက်သွယ်ရေးလမ်းကြောင်းများမှတစ်ဆင့် ပေးပို့ဆက်သွယ်ပေးသွားမည်ဖြစ်ပါသည်။




Respectfully,

Star City Management